environmental investigation agency

သတင်းထုတ်ပြန်ကြေငြာချက်

# မြန်မာ့ကျွန်းသစ်လုပ်ငန်းတစ်ခုလုံးကို ဒိန်းမတ်နိုင်ငံ ပိတ်ပင်

**လန်ဒန်** - မြန်မာ့ကျွန်းသစ်များကို ဒိန်းမတ်နိုင်ငံ ဈေးကွက်သို့ ၎င်းနိုင်ငံသား တင်သွင်းသူများကို တင်သွင်းခွင့် ပိတ်ပင်လိုက်သည့် ဒိန်းမတ်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ကို ဘာဂပတ်ဂန်းကျင် စုံစမ်းရေးအဖွဲ့ (Environmental Investigation Agency- EIA) က ယနေ့ ကြိုဆိုလိုက်သည်။

ဒိန်းမတ်သစ်ကုမ္ပဏီ Keflico က ဥရောပသမဂ္ဂသစ်တင်သွင်းမှုဆိုင်ရာ စည်းမျဉ်း (European Union Timber Regulation-EUTR) ကိုချိုးဖောက်ကြောင်း သက်သေများဖြင့် အီးအိုင်အေ က တင်ပြခဲ့ပြီးနောက် ယခုလိုဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤဆုံးဖြတ်ချက်သည် အခြားသက်ဆိုင်ရာ ဥရောပနိုင်ငံများမှ EUTR ဆိုင်ရာ အာအာဏာပိုင်များအတွက်လည်း လိုက်နာရန်အတွက် စံပြလုပ်ဆောင်ချက်ဖြစ်သည်။

ဆွီဒင်သစ်ကုမ္ပဏီ Almtra Nordic ကို ၂၀၁၆ နိုဝင်ဘာလတွင် ဆွီဒင်အာဏာပိုင်များက ဥရောပသမဂ္ဂသစ်တင်သွင်းမှုဆိုင်ရာ စည်းမျဉ်း EUTR ကို ချိုးဖောက်မှုဖြင့် အရေးယူ စီရင်ချက်ချပြီးနောက် ဒိန်းမတ်နိုင်ငံကလည်း အလားတူ လုပ်ဆောင်လာခြင်းဖြစ်သည်။

"EUTR စည်းမျဉ်းကို လိုက်နာဖို့ စီးကြပ်လုပ်ဆောင်ရာမှာ ဒိန်းမတ်ရဲ့ ဦးဆောင်မှုဟာ၊ ဆွီဒင် နိုင်ငံက လုပ်ဆောင်ခဲ့တဲ့ အလားတူ အရေးယူမှုကို ပိုပြီး ခိုင်မာအားကောင်းသွားစေပါတယ်။ ယခုလို အခြေအနေမှာ ဥရောပဈေးကွက်ထဲ မြန်မာကျွန်းသစ်တင်သွင်းတာဟာ ဥရောပ သစ်တင်သွင်းမှု ဥပဒေကို ချိုးဖောက်ရာရောက်တယ်ဆိုတာလည်း သံသယရှိစရာမလိုတော့ပါဘူး" ဟု အီးအိုင်အေ၏ သစ်တောဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူ Peter Cooper က ဆိုသည်။

" အီးအိုင်အေက တင်ပြခဲ့တဲ့ အမှုတစ်ခုကို ဒိန်းမတ်နိုင်ငံက စံပြအရေးယူမှု လုပ်ဆောင်လိုက်သလို၊ ကျန်ရှိနေသေးသော အမှု ၁၂ ခုကိုလည်း သက်ဆိုင်ရာ အီတလီ၊ နယ်သာလန်၊ ဘယ်လဂျီယံ နှင့် ယူကေနိုင်ငံတို့က တာဝန်ရှိ အာဏာပိုင်များလည်း အီးအိုင်အေရဲ့ တိုင်ကြားချက်တွေကို အမြန်ဆုံး အရေးယူဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ပါတယ်။"

အီးအိုင်အေ တိုင်ကြားခဲ့သော အမှုများတွင် EUTR စည်းမျဉ်းအရ လုပ်ဆောင်ရမည့် ကြိုတင်စုံစမ်းလေ့လာမှု (**Due Diligence**) ကို အဓိကထား တင်ပြထားခြင်းဖြစ်သည်။ ထိုစည်းမျဉ်းအရ

ကုမ္ပဏီများ သစ်တင်သွင်းလိုပါက သစ်ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ရောင်းပေးသူအဆင့်ဆင့်ကို သိရှိအောင် ဖော်ထုတ်ရန်လိုသည်။ ဥပဒေချိုးဖောက်သော လုပ်ဆောင်ချက် လျော့နည်းစေရန် တတ်နိုင်သမျှ ကြိုတင်စုံစမ်းလေ့လာမှု ပြုလုပ်ရမည်ဖြစ်သည်။ အောက်ပါ ကုမ္ပဏီများကိုလည်း တိုင်ကြားထားသည် -

- အီတလီနိုင်ငံမှ Antonini Legnami, Basso Legnami နှင့် Bellotti Spa
- နယ်သာလန်နိုင်ငံမှ Boogaerdt Wood, Gold Teak Holdings နှင့် World Wood
- ဘယ်လဂျီယမ်နိုင်ငံမှ Crown Teak နှင့် Vandercasteele Hout
- ဂျာမဏီနိုင်ငံမှ Teak Solutions(ဤအမှုကို စပိန်နိုင်ငံသို့ လွှဲပြောင်းထားသည်)
- ယူကေနိုင်ငံမှ Moody Decking, Stones Marine Timber နှင့် DA Watts and Sons(Wattsons)

မြန်မာအစိုးရတစ်ဂက်ပိုင်ဖြစ်သော မြန်မာ့သစ်လုပ်ငန်း (Myanmar Timber Enterprise) သည် ပြည်တွင်း သစ်ထုတ်လုပ်ရန်နှင့် နိုင်ငံခြားသို့သစ်တင်ပို့ရန် တာဂန်ရှိသည်။ ၎င်း၏ လုပ်ဆောင်မှုများတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ သစ်ထုတ်ယူရာတွင် တရားမဂင်နည်းဖြင့် ဥပဒေ ချိုးဖောက်နိုင်ခြေ အန္တရာယ်မြင့်မားသောကြောင့် လက်ရှိအခြေအနေတွင် မြန်မာ့ကျွန်းသစ်များကို ကြိုတင်စုံစမ်းလေ့လာမှု လုပ်ဆောင်ရန် မဖြစ်နိုင်ပေ။

"မြန်မာ့သစ်လုပ်ငန်း(Myanmar Timber Enterprise) အနေဖြင့် ၎င်း၏ သစ်လုပ်ငန်းတွင် ဖြစ်ပေါ်နေသော ဥပဒေချိုးဖောက်မှုများကို အမြန်ဖော်ထုတ် ဆောင်ရွက်ပြီး၊ သစ်ထုတ်လုပ်ငန်းများကို ဘက်မလိုက်သော အဖွဲ့များ စောင့်ကြည့်နိုင်ရန် ခွင့်ပြုဖို့လိုပါတယ်။ ထိုသို့မဟုတ်ပါက အမြတ်အစွန်းများများရနိုင်တဲ့ ဥရောပ သစ်ဈေးကွက်ကို အမြဲတမ်းလက်လွတ်သွားရမယ့် အန္တရာယ်ရှိ" ကြောင်း Cooper က ထပ်ဆိုသည်။

- Peter Cooper ကို petercooper@eia-international.org နှင့် +၄၄ ၂၀ ၇၃၅၄ ၇၉၆၀ မှတဆင့် မေးမြန်းဆက်သွယ်နိုင်ပါသည်။

**တည်းဖြတ်သူများ၏ မှတ်ချက်များ**

၁။ သဘာဝ ပတ်ဝန်းကျင် စုံစမ်း စစ်ဆေးရေး အဖွဲ့ (အီးအိုင်အေ) သည် ဗြိတိန်နိုင်ငံနှင့် ဝါရှင်တန် ဒီစီ မြို့တို့တွင် အခြေစိုက်သော အစိုးရ မဟုတ်သည့် အဖွဲ့အစည်း တခုဖြစ်ပြီး သဘာဝ တောရိုင်း အရင်းအမြစ်များ ကုန်သွယ်မှု၊ တရားမဝင် သစ်ခုတ်မှု၊ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်သော စွန့်ပစ် ပစ္စည်း တရားမဝင် ကုန်သွယ်မှု၊ ရာသီဉတုနှင့် အိုဇုန်းလွှာအား ပြောင်းလဲမှု ဖြစ်စေသော ဓာတု ပစ္စည်းများ ကုန်သွယ်မှုတို့အပြင်၊ ပို၍ကျယ်ပြန့်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများအား စုံစမ်းကာ ဟန့်တားနိုင်ရန် စည်းရုံးလှုံ့ဆော်နေသော အဖွဲ့အစည်း တခုလည်း ဖြစ်သည်။

Environmental Investigation Agency
62-63 Upper Street
London N1 0NY
UK
www.eia-international.org
Tel: +44 207 354 7960